(၁၁.၂.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန COVID-19 ရောဂါဆိုင်ရာ ဗဟိုကော်မတီအစည်းအဝေး (၁၅/၂၀၂၀) မှ ညွှန်ကြားခဲ့သည့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

(၁) ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာသူများအနေဖြင့် quarantine လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိတွင် ရောဂါဖြစ်ပွားပါကလည်း စောစီးစွာ ကုသနိုင်မည့်အပြင် အတူနေမိသားစုများအား ရောဂါကူးစက်ပြန့်ပွားခြင်းအား ကာကွယ်နိုင်မည့် အကြောင်းကို အလေးပေး၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်။

(၂) လူအများစုဝေးရာနှင့် အချက်အချာကျသော ဈေး၊ အဝေးပြေးကားဂိတ်၊ စက်ရုံ/အလုပ်ရုံ၊ လူစုဝေးရာနေရာများတွင် ကျန်းမာရေးပညာပေးအစီအစဉ်ငယ် (small health talk) များအားလည်းကောင်း၊ လက်ကိုင်အသံချဲ့စက်ငယ် (hand speaker) များအားလည်းကောင်း အသုံးပြု၍ ဆောင်ရွက်ရန်။ အထူးသဖြင့် သာမန်ပြည်သူများအား အသိပေးပြောကြားရန်။ ကျေးရွာများတွင် လိုအပ်ပါက အသံချဲ့စက် (loud speaker) အသုံးပြုဆောင်ရွက်ရန်။ small health talk များ ဆောင်ရွက်ရာတွင် လူများစွာကို တစ်ချိန်တည်းတွင် စုရုံးခြင်းအား တတ်နိုင်သမျှ ရှောင်ကြဉ်၍ အုပ်စုငယ်များအနေဖြင့်သာ ဦးစားပေးဆောင်ရွက်ရန်။

(၃) မြန်မာနိုင်ငံအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ စုဝေးနေထိုင်သည့်နေရာ၊ အလုပ်လုပ်ကိုင်သည့်နေရာများ (ဥပမာ- အိမ်ယာ၊ တိုက်ခန်း၊ စက်ရုံ) များတွင် ကျန်းမာရေးပညာပေးအစီအစဉ်ငယ် (small health talk) များ၊ လက်ကိုင်အသံချဲ့စက်ငယ်များ (hand speaker) အား အသုံးပြု၍ ဆောင်ရွက်ရန်။ လိုအပ်ပါက အသံချဲ့စက် (loud speaker) အသုံးပြုဆောင်ရွက်ရန်။ တရုတ်ဘာသာ လက်ကမ်းစာစောင်များ ဝေငှရန်။

(၄) ပညာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ အခြေခံပညာကျောင်းများနှင့် မိဘမဲ့ကလေးဂေဟာများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများတွင် ပညာပေးဟောပြောပွဲငယ်များ (small group health talk) ဆောင်ရွက်ရန်၊ လက်ကမ်းစာစောင်၊ ပိုစတာများ ဝေငှရန်။

(၅) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများအား (small group health talk) များ ပြုလုပ်ရန်၊ ဟိုတယ်များတွင် ပိုစတာများ၊ လက်ကမ်းစာစောင်များဖြင့် ပညာပေးရန်။

(၆) ဒေသအတွင်း လူစည်ကားရာ လူစုဝေးရာနေရာများဖြစ်သော ရုပ်ရှင်ရုံ၊ ပန်းခြံ၊ ပွဲလမ်းသဘင်များနှင့် တန်ခိုးကြီးဘုရားများ၊ ခရီးအလည်အပတ်များသော နေရာများတွင် ကျန်းမာရေးပညာပေးအစီအစဉ်ငယ် (small health talk) များ၊ လက်ကိုင်အသံချဲ့စက်ငယ်များ (hand speaker) အသုံးပြုဆောင်ရွက်ရန်။ လိုအပ်ပါက အသံချဲ့စက် (loud speaker) များ အသုံးပြုဆောင်ရွက်ရန်။

(၇) လူစုဝေး၍ အလုပ်လုပ်ရသော အစိုးရရုံးများ၊ ကုမ္ပဏီဝန်ထမ်းများအား အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် (small group health talk) များ ဆောင်ရွက်ရန်။ လက်ကမ်း စာစောင်၊ ပိုစတာများ ဝေငှရန်။

(၈) ဆောက်လုပ်ရေးလုပ်ငန်းခွင်ဆောင်ရွက်နေသောနေရာရှိ ဝန်ထမ်းများနှင့် အလုပ်သမားများ၊ မိသားစုများအား ကျန်းမာရေးအသိပညာပေးလုပ်ငန်းစဉ်များ (small group health talk) ဆောင်ရွက်ရန်။ လိုအပ်ပါက လက်ကိုင်အသံချဲ့စက်ငယ်များ (hand speaker)နှင့် အသံချဲ့ စက် (loud speaker) များ အသုံးပြုဆောင်ရွက်ရန်။

(၉) ဒေသအတွင်းရှိ လူစည်ကားသော ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးဘုရားကျောင်းများတွင် ကျန်းမာရေးအသိပညာပေးအစီအစဉ်များ (small group health talk) ဆောင်ရွက်ရန်။ လိုအပ်ပါက လက်ကိုင်အသံချဲ့စက်ငယ်များ (hand speaker)နှင့် အသံချဲ့စက် (loud speaker) များ အသုံးပြုဆောင်ရွက်ရန်။ လက်ကမ်းစာစောင်၊ ပိုစတာများ ဝေငှရန်။

အထက်ပါနေရာများတွင် ဦးစားပေး၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဖြစ်သော ဆွေးနွေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ပိုစတာများ၊ ဆိုင်းဘုတ်များ ကပ်ခြင်း၊ မြေစိုက်ဆိုင်းဘုတ်များစိုက်ထူခြင်း၊ LED board များတွင် ဗီဒီယိုပြသခြင်းများ ဒေသအလိုက် သင့်တော်မည့် ဘာသာစကား/ အစီအစဉ်ဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံ ကျန်းမာရေးဝန်ထမ်းပညာရှင်များမှ လိုက်လံဆောင်ရွက်ခြင်းထက် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းစသည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများ၊ ဒေသခံ အုပ်ချုပ်ရေးနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းကို ဦးစားပေးဆောင်ရွက် စေလိုပါသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများအား ပုံမှန်သတင်းပို့အစီရင်ခံခြင်းလမ်းကြောင်းအပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ e-health unit သို့ သတင်းအဖြစ်ပေးပို့ရန်ဖြစ်ပြီး ကျန်းမာရေးအသိ ပညာမြှင့်တင်ရေးဌာနခွဲသို့ မိတ္တူပေးပို့ရန် ဖြစ်ပါသည်။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကျန်းမာ ရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများအား Focal Person အဖြစ် ဆောင်ရွက်နေသူများ၏ အမည်၊ ရာထူးနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များအား ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနသို့ Fax အမှတ် (၀၆၇-၃၄၃၁၄၄၂) သို့လည်းကောင်း၊ healthliteracypromotionunit@gmail.com သို့ (၁၄.၂.၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့စေလိုပါသည်။

ပညာပေးလုပ်ငန်းတွင် အသုံးပြုနိုင်သော အချက်အလက်များအား the MoHS website, the MoHS Facebook page နှင့် Myanmar CDC Facebook page တို့တွင် ရယူနိုင်ပါသည်။ ကျန်းမာ ရေးအသိပညာမြှင့်တင်ရေးဌာနခွဲနှင့် ဆက်သွယ်၍ ရယူနိုင်ပါသည်။